# NAB ဖြင့် တုံ့ပြန်ချက်ပေးပို့နည်း သို့မဟုတ် လူ့အခွင့်အရေးကိစ္စရပ် တင်ပြနည်း

NAB တွင် ကျွန်ုပ်တို့သည် လူ့အခွင့်အရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရပ်ရွာလူထု၏ အရေးကိစ္စများကို နားထောင်ကာ ပြန်ကြားပေးပြီး တာဝန်ယူမှုဖြင့် လုပ်ငန်းလုပ်ဆောင်ရန် ကတိကဝတ်ပြု ထားသည်။ သင့်အနေဖြင့် တုံ့ပြန်ချက်များပေးလိုပါက သို့မဟုတ် ကျွန်ုပ်တို့၏လုပ်ငန်းနှင့်ပတ်သက်သော ကိစ္စရပ်များကို တင်ပြလိုပါက အောက်ပါအဆင့်များအတိုင်း သင်၏တုံ့ပြန်ချက်ကို တင်ပြနိုင်ပါသည်။

## သင့်အနေဖြင့် ဆောင်ရွက်ရန်

၁။ သင့်ပြဿနာကိုစုံစမ်းစစ်ဆေးနိုင်ရန် အထောက်အကူပြုမည့် စာရွက်စာတမ်း သို့မဟုတ် သတင်းအချက်အလက်များကို စုစည်းပါ။ ယင်းတွင် အမည်၊ နေ့ရက်၊ အချိန်နှင့်နေရာများ ပါဝင်ပါမည်။

၂။ grievances@nab.com.au သို့ သင်တင်ပြလိုသောပြဿနာနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို အီးမေးလ်ပို့ပါ။ သင့်အီးမေးလ်တွင် ထည့်သွင်းရမည့် အချက်အလက်များအတွက် အောက်ပါလမ်းညွှန်ချက်များကို ကိုးကားပါ။

## ကျွန်ုပ်တို့ ဆောင်ရွက်ရန်

- သင့်တုံ့ပြန်ချက် သို့မဟုတ် အရေးကိစ္စကို လက်ခံရရှိကြောင်း အီးမေးလ်ဖြင့် အတည်ပြုပေးပါမည်။
- စုံစမ်းစစ်ဆေးရန် သတင်းအချက်အလက်များ ထပ်မံလိုအပ်ပါက ယင်းသတင်းအချက်အလက်နှင့် အခြားအထောက်အကူပြု စာရွက်စာတမ်းများရရှိရန် သင့်ကိုဆက်သွယ်ပါမည်။
- စုံစမ်းစစ်ဆေးခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သင့်လျော်သည့်အချိန်တွင် သင့်ကိုသတင်းများသိရစေရန် ဆောင်ရွက်ပေးပါမည်။
- သင့်ပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်များကို ကျွန်ုပ်တို့၏ ကိုယ်ရေးအချက်အလက်ဆိုင်ရာ မူဝါဒ နှင့်အညီ ကိုင်တွယ်ဆောင်ရွက်ပါမည်။

ရက်စွဲ **ဩဂုတ်လ ၂၀၂၁၊** ရေးသားသူ **NAB လူမှုရေး အရေးကိစ္စ**
© 2021 National Australia Bank Limited ABN 12 004 044 937 AFSL and Australian Credit Licence 230686

# လူ့အခွင့်အရေးကိစ္စရပ် တင်ပြခြင်း

ကျွန်ုပ်တို့အနေဖြင့် အမြန်ဆုံးတုံ့ပြန်ပေးရန်နှင့် အပြီးသတ်ဖြေရှင်းပေးနိုင်ရန် လူ့အခွင့်အရေး ပြဿနာများကို grievances@nab.com.au သို့အီးမေးလ် ပေးပို့ရာတွင် အောက်ပါအသေးစိတ်အချက်အလက်များကို ထည့်သွင်းပေးရန် လိုအပ်ပါသည်။

**၁။ အကြောင်းအရာ**

သင့်အီးမေးလ်၏ အကြောင်းအရာနေရာတွင် သင့်အမည်နှင့် လူ့အခွင့်အရေး ကိစ္စရပ် ဟု ထည့်သွင်းပေးပါ။

**၂။ ပြဿနာကိစ္စရပ် အသေးစိတ်**

သင့်အီးမေးလ်စာကိုယ်တွင် အောက်ပါဖော်ပြချက်များကို ထည့်သွင်းရေးသားပါ။

- သင်တင်ပြလိုသော ပြဿနာအကြောင်း (ဥပမာ - ဘယ်သူ၊ ဘာကို၊ ဘယ်မှာ၊ ဘယ်အချိန်၊ ဘယ်လို) နှင့် ပြဿနာဖြစ်စေသည့် အဖြစ်အပျက်၏ ရက်စွဲ နှင့်/သို့မဟုတ် အချိန်အပိုင်းအခြားတို့ကို ရေးသားပါ။ ထပ်မံလိုအပ်သော သတင်းအချက်အလက်အတွက် သင့်ကိုကျွန်ုပ်တို့ ဆက်သွယ်ပါမည်။
- သင်လိုချင်သောရလဒ်။ ဤအရေးကိစ္စကို ကူညီဖြေရှင်းပေးဖို့အတွက် ဘာလိုအပ်သလဲ? ဥပမာ - သင့်အရေးကိစ္စကို ဖြေရှင်းပေးနိုင်မည့် အကြံပြုချက်များ ရှိပါသလား?

**၃။ ဤအရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးရန် NAB က သင့်ကို ဆက်သွယ်လာစေလိုပါသလား?**

ဤအရေးကိစ္စနှင့် ပတ်သက်၍ သင့်ကိုဆက်သွယ်လာစေလိုပါက ယင်းကိုသင့်အီးမေးလ်ထဲတွင် ဖော်ပြပေးပါ။

**၄။ NAB သက်သေခံနံပါတ်**

သင်သည် NAB ၏ဖောက်သည် ဖြစ်လျှင် သင့် NAB သက်သေခံနံပါတ်သည် NAB ကတ်အနောက်ဘက်၊ အနက်ရောင်အစင်း၏ အပေါ်ဘက်ရှိ စာလုံး ၈-၁၀ လုံး ဖြစ်သည်။ သင်အင်တာနက်ဘဏ်စနစ်သို့ ဝင်ရောက်ရန် အသုံးပြုသော နံပါတ်နှင့် တူညီပါသည်။

**၅။ ဖုန်းနံပါတ်**

သင့်ကိုဖုန်းဖြင့် ဆက်သွယ်စေလိုပါက သင့်ဆက်သွယ်ရန် နံပါတ်ကို ရေးသားပါ။ သင်သည် ဩစတြေးလျနိုင်ငံပြင်ပတွင်ရှိနေလျှင် သင့်နိုင်ငံ၏ သင့်နိုင်ငံ၏ ကုတ်နံပါတ် ကိုပါ ထည့်သွင်းပေးပါ။

**၆။ သင့်စာတိုက်လိပ်စာ**

သင်ဩစတေးလျနိုင်ငံပြင်ပတွင်ရှိနေလျှင် နိုင်ငံအပါအဝင်သင်၏စာတိုက်လိပ်စာကိုပေးပါ။


© 2021 National Australia Bank Limited ABN 12 004 044 937 AFSL and Australian Credit Licence 230686  A157304-0821